ဩကာသော ဟောတိ, သဃံ ပဗ္ဗာဇေတဗ္ဗော၊ သစေ ဥဒ္ဒေသ ပရိပုစ္ဆာဒီဟိ ဗျာဝဋ္ဋော ဟောတိ, ဩကာသံ န လဘာတိ၊ ဧကော ဒဟရဘိက္ခု ဝတ္တဗ္ဗော–(တော်၊ ဤရှင် လောင်းကို။ ပဗ္ဗာဇေဟိ၊ ဆံချ သင်္ကန်းဝတ် သရဏဂုံပေးကာ ရှင်ပြုပေးလိုက်ပါ။) ဣတိ ဝတ္တဗ္ဗော”–ပဗ္ဗဇ္ဇာခန္ဓကဌကထာနှင့် ဝိမတိဋီကာ။]

**ဥပဇ္ဈာယ်ကိုယ်စား ရှင်ပြုပေးခြင်း** ဥပဇ္ဈာယ် ဆရာကပင် မခိုင်းသော်လည်း “ရဟန်းငယ်က ဥပဇ္ဈာယ်ကို ရည်စူး၍ (ဥပဇ္ဈာယ်ကိုယ်စား)ရှင်သာမဏေပြုပေး လျှင်လည်း အပ်၏”ဟု အဋ္ဌကထာဆို၏၊ ထို့ကြောင့် ယခုအခါ ဥပဇ္ဈာယ် ဂုဏ်အင်္ဂါနှင့် မညီသေးဘဲ ရှင်သာမဏေ ပြုပေးကြရသော ရဟန်းငယ်များသည် မိမိ၏ဥပဇ္ဈာယ်ဆရာကို ရည်စူး၍ ဥပဇ္ဈာယ်၏ ကိုယ်စားအနေဖြင့်သာ ရှင်သာမဏေ ပြုပေးသင့်ကြသည်၊ ရှင်သာမဏေပြုပေးပြီးနောက်လည်း ဥပဇ္ဈာယ်ရှိရာ သွား၍ ဥပဇ္ဈာယ်ယူစေသင့်ကြသည်။

**သာမဏေနှင့် လူဝတ်ကြောင်က သင်္ကန်းဝတ်ပေးမှု** ဥပဇ္ဈာယ်ဆရာသည် (ကျောင်း၌ ခိုင်းဘို့ရာ ရဟန်းငယ် မရှိ၍သော် ငင်း ရှိစေကာမူ မခိုင်းလို၍သော်ငင်း) သာမဏေ တပါးပါးကို “ဤကလေးအား ခေါင်းရိတ်၍ သင်္ကန်းဝတ်ပေးလိုက်ပါ”ဟု စေခိုင်းနိုင်၏၊ သာမဏေကို မခိုင်းဘဲ သင်္ကန်းဝတ်ပေးတတ်သူ လူဝတ်ကြောင် တယောက်ယောက်ကိုလည်း ခိုင်းနိုင်၏၊ ထိုသို့ ခိုင်းသောအခါ အခိုင်းခံရသူသည် ခေါင်းရိတ်၍ သင်္ကန်း ပေးပြီးလျှင် ဝတ်ပေးကောင်း၏၊ ထိုသို့ သာမဏေနှင့် လူဝတ်